

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR

နိုင်ငံတကာ မြန်မာသတင်း (ဘီအဲန်အိုင်)

မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့

# စစ်ရေးအောင်မြင်မှုများနှင့်အတူ ဖြေရှင်းရန်ခက်ခဲဦးမည့်ဖက်ဒရယ်ပဟေဠိများ

အောက်တိုဘာ ၂၀၂၄

# မာတိကာ


၁။ နိဒါန်း ........................................ ၂

၂။ သုတေသနရည်ရွယ်ချက် ........................................ ၄

၂.၁။ သုတေသနနည်းနာ ........................................ ၆

၃။ အဓိကဆွေးနွေးချက်များ ........................................ ၇

၃.၁။ စစ်ရေးအောင်မြင်မှုနှင့်နိုင်ငံရေးအရ အဆင်သင့်ဖြစ်မှု ........................................ ၉

၃.၂။ မတူညီသော နိုင်ငံရေးအိပ်မက်များ ........................................ ၁၂

၄။ လေ့လာဆန်းစစ်ချက်များ ........................................ ၁၄

၄.၁။ စစ်ရေးနှင့် နိုင်ငံရေးအရှိန်အဟုန်ပုစ္ဆာ ........................................ ၁၅

၄.၂။ ဖက်ဒရယ်နှင့် ပြည်နယ်သစ်များပေါ် ထွန်းရေးပုစ္ဆာ ........................................ ၂၀

၄.၃။ လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းရေးပုစ္ဆာ ........................................ ၂၄

၅။ မူဝါဒရေးရာအကြံပြုချက်များနှင့် နိဂုံး ........................................ ၂၇

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန်တွင် စစ်ကောင်စီကို တော်လှန်တိုက်ခိုက်ရန်အတွက် ခေါင်းစဉ်မျိုးစုံ၊ ဦးဆောင်မှုမျိုးစုံအောက်ထဲတွင် လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များကို တည်ထောင်ဖွဲ့စည်းခဲ့ကြသည်။ တချိန်တည်းမှာပင် မတူညီသော ဖြစ်ပေါ်တိုးတက်မှုများနှင့်အတူ ပြည်နယ်အလိုက် ဖက်ဒရယ်ယူနစ်များအဖြစ် ဖွဲ့စည်းရန် ကြိုးစားလာကြသည်။ ကရင်နီပြည်နယ်နှင့် ချင်းပြည်နယ်တွင် ထင်ရှားသောဥပမာများအဖြစ် တွေ့နိုင်သည်။

သို့သော် အလုံးစုံပြည့်စုံသော ဖက်ဒရယ်ယူနစ်များ မပေါ်ကြသေးပါ။ ကျန်ရှိနေသေးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း စစ်ရေး၊ နိုင်ငံရေး ပြိုင်ဆိုင်မှုများနှင့်အတူ အားလုံးပါဝင်နိုင်သော ဖက်ဒရယ်ယူနစ်များအဖြစ် ပေါ်ထွန်းလာရန် စိန်ခေါ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ ထို့အပြင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် ဗဟိုအဆင့် နိုင်ငံရေးအရ သဘောတူညီမှုများတွင်လည်း ရှုပ်ထွေးနေသော ပုစ္ဆာများ ရှိနေသည်။

“၁၀၂၇ စစ်ဆင်ရေး” အပြီးတွင် မြန်မာနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေး အခင်းအကျင်းများသည် ယခင်နှင့် မတူညီသောအခြေအနေတခုဆီသို့ တဖြည်းဖြည်းနှင့် ရွေ့လျားနေသည်။ စစ်ရေးအရ အောင်မြင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသော်လည်း အဆိုပါအောင်မြင်မှုများတွင် နိုင်ငံရေး သဘောတူညီမှုများ ပါရှိခြင်း၊ မပါရှိခြင်းကိုကား မေးခွန်း

ထုတ်ဖွယ်ရာရှိနေသည်။ အကြောင်းမူကား အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ အကောင်အထည်ဖော်နေသော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democracy Charter) ရေးဆွဲပြဌာန်း အတည်ပြုရာတွင် ယခုစစ်ရေးအရ အောင်မြင်မှုများကို လက်တွဲပြီး ယူဆောင်ပေးနေကြသော မဟာမိတ်တပ်ဖွဲ့အများစု မပါဝင်နိုင်ခဲ့ခြင်းသည် အနာဂတ်နိုင်ငံတည်ဆောက်ရန်အတွက် နိုင်ငံရေးအရ သဘောတူညီချက်များ ပြန်လည်ညှိနှိုင်းရယူရမည့် အခြေအနေကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့်လည်း လက်တွေ့ကျသော စစ်ရေးအောင်ပွဲများကိုသာ အဓိကအာရုံစိုက်နေရသည့် အနေအထားတွင် ရှိနေပြီး နွေဦးတော်လှန်ရေး အချိန်ကြာမြင့်လာသည်နှင့်အမျှ တော်လှန်ရေးကို ဦးဆောင်နေကြသော အဖွဲ့အစည်းများအနေဖြင့်လည်း လက်တွေ့အောင်မြင်မှုများကို ရယူပြခြင်းဖြင့် ပြည်သူလူထုအား သက်သေပြရန် လိုအပ်နေသည်။ ယေဘူယျအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးပေါင်းကာ “၁၀၂၇ စစ်ဆင်ရေး” ဖော်ဆောင်မှုဖြင့် စစ်ရေးအောင်မြင်မှုများကို ရယူနေသည့် အရှိန်အဟုန်ဖြစ်ပေါ်လာချိန်တွင် မြန်မာပြည်တောင်ပိုင်း လက်နက်ကိုင်တပ်ဖွဲ့အများစုပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီချာတာ ရေးဆွဲသည့်အခြေအနေမှာ အငြင်းပွားမှုများနှင့် ရပ်တန့်နေသည်မှာ ဆန်းစစ်ဖွယ်ရာ ဖြစ်လာပါသည်။

## ၂။ သုတေသနရည်ရွယ်ချက်

မိမိတို့ BNI-Myanmar Peace Monitor အနေဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် မိုဒယ်နှင့် ဒီဇိုင်းများ" အစီရင်ခံစာကို မှတ်တမ်းပြုထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအစီရင်ခံစာထုတ်ဝေအပြီး ဖက်ဒရယ်ရေးရာအတွက် နောက်ဆက်တွဲအစီရင်ခံစာများ ထပ်မံရေးသားပေးရန် စာဖတ်သူများ၊ စောင့်ကြည့်လေ့လာသူများ၏ အကြံပြုချက်များ၊ တိုက်တွန်းချက်များက ယခု "စစ်ရေးအောင်မြင်မှုများနှင့်အတူ ဖြေရှင်းရန်ခက်ခဲဦးမည့် ဖက်ဒရယ်ပဟေဠိများ" အစီရင်ခံစာကို မှတ်တမ်းပြုရေးသားနိုင်ရန် အကြောင်းဖန်လာခြင်း ဖြစ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ မျှော်ရည်လျှောက်လမ်းနေကြသည့် တော်လှန်ရေးအင်အားစုအသီးသီးသည် စစ်အုပ်စုနှင့်၎င်းတို့၏ထောက်တိုင်များကို စစ်ရေးအရ အသာစီးရယူကာ ဖြိုဖျက်ရန် ကြိုးပမ်းနေကြသကဲ့သို့ နိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံရေးအရ သဘောတူညီမှုများရယူကာ ခိုင်မာသည့်ဦးတည်ချက်များဖြင့် လျှောက်လှမ်းနေကြသည်ကို အထင်အရှားတွေ့မြင်လာရပြီဖြစ်သည်။

နယ်မြေဒေသအလိုက်ဖြစ်စေ၊ လူမျိုးစုအလိုက်ဖြစ်စေ ဖက်ဒရယ်ယူနစ်များ အကောင်အထည်ဖော်နေကြသည့် တချို့သော တိုင်းရင်းသားအစုအဖွဲ့များအနေဖြင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် လည်းကောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင်လည်းကောင်း ပူးပေါင်းပါဝင်လှုပ်ရှားနေသကဲ့သို့ နယ်မြေဒေသအလိုက်လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအချင်းချင်း မဟာမိတ်စုဖွဲ့ကာ အာဏာသိမ်းစစ်ကောင်စီတပ်များအား ယိုင်နဲ့ပြိုပျက်စေရန်အတွက် စစ်ရေးအရ ပြင်းပြင်းထန်ဖိအားပေးလျက်ရှိပါသည်။ ယခုအစီရင်ခံစာသည် စစ်အာဏာသိမ်းကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်တိုးတက်မှုများနှင့် တော်လှန်ရေးအင်အားစုများအကြား ဆွေးနွေးရန်ခက်ခဲနေသည့် အကြောင်းအရာများကို လက်ရှိစစ်ရေး၊ နိုင်ငံရေးအခြေအနေများနှင့် ယှဉ်ထိုးပြီး ဖော်ထုတ်နိုင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်သည်။

ထို့အပြင် ဖြစ်ပေါ်နေသည့် မြေပြင်အခြေအနေများကို ပေါင်းစပ်ကာ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်တင်ပြရန်လည်း ရည်ရွယ်ပါသည်။ စစ်အာဏာသိမ်းမှုကိုတွန်းလှန်ဆန့်ကျင်တိုက်ခိုက်ကြသည့် အင်အားစုများအနေဖြင့် စစ်ရေးအရအောင်ပွဲများကိုဖန်တီးနိုင်သည်နှင့်တပြိုင်နက် နိုင်ငံရေးအရဖြစ်ပေါ်တိုးတက်မှုများကိုလည်း အောင်မြင်စေရန်အတွက် ဆောင်ရွက်ရန် လိုအပ်နေကြောင်းကို ယခုအစီရင်ခံစာက ကြိုးပမ်းထားပါသည်။

## ၂.၁။ သုတေသနနည်းနာ

ယခုအစီရင်ခံစာတွင် အသုံးပြုဖော်ပြသော အချက်အလက်များ၊ အထောက်အထားများကို ရယူရာ၌ အရင်းအမြစ်နှစ်ခုကို အဓိကအခြေခံထားပါသည်။ ပထမတခုအဖြစ် ယခုအစီရင်ခံစာအတွက် ရည်ရွယ်ကာ ဖက်ဒယူနစ်များတွင် ဦးစီးဦးဆောင်ပြုနေသော ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီနှင့် ဖက်ဒရယ်အရေးကျွမ်းကျင်သူများအား ဖိတ်ခေါ်ကာ "ဖက်ဒရယ်အရေး စကားဝိုင်းဆွေးနွေးပွဲ" တခုကို ပြုလုပ်ကာ အချက်အလက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အနာဂတ်မျှော်ရည်ရာတို့ကို ရယူခြင်း၊ ဒုတိယနည်းလမ်းအဖြစ် BNI-Myanmar Peace Monitor အပါအဝင် ပြည်တွင်းပြည်ပသတင်းဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ထုတ်ဝေခဲ့ပြီးသော သတင်းနှင့်အင်တာဗျူးများ၊ သုံးသပ်ချက်စာစောင်များ၊ အစီရင်ခံစာများ စသည့်တို့ကို မှတ်တမ်းပြုလေ့လာခြင်းတို့ကို အသုံးပြုခဲ့ပါသည်။

ထို့အပြင် လူပုဂ္ဂိုလ်များအား မေးခွန်းများမေးမြန်းရာတွင် ဖြေဆိုသူ၏ အမြင်များ၊ သဘောထားများ၊ ရှုမြင်သုံးသပ်ချက်များကို လွတ်လပ်စွာဖြေဆိုနိုင်စေရန်အလို့ငှာ မိမိတို့အင်တာဗျူး ပြုလုပ်သော လူပုဂ္ဂိုလ်များ အမည်နာမများကို သဘောတူညီချက် မရရှိပါက ဖော်ပြသွားမည်မဟုတ်ပါ။ သို့သော်လည်း မိမိတို့အနေဖြင့် အစီရင်ခံစာပါ အချက်အလက်များ ခိုင်မာမှုရှိစေရန်အတွက် အင်တာဗျူးဖြေဆိုသူများ၏ အမည်၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အချက်အလက်များကို စနစ်တကျသိမ်းဆည်းထားရှိပါသည်။

## ၃။ အဓိကဆွေးနွေးချက်များ

စစ်အာဏာသိမ်းကာလအတွင်း လေ့လာသုံးသပ်သူများအကြား အဓိကပြောဆိုကြသော အကြောင်းအရာတခုမှာ စစ်ဘောင်ကျယ်လာပြီး နိုင်ငံရေးဘောင် ကျဉ်းမြောင်းလာခြင်းဖြစ်သည်။ များပြားလှသော လက်နက်ကိုင်တပ်ဖွဲ့အသစ်များ ပေါ်ပေါက်လာပြီး တစ်နိုင်ငံလုံးအနှံ့စစ်ပွဲများ ဖြစ်ပေါ်လာသည့်အပြင် စစ်ရေးအရ အောင်မြင်မှုများကိုလည်း တစထက်တစ တွေ့မြင်လာရပါသည်။ သို့သော် အဆိုပါအောင်မြင်မှုများ၏ နောက်ဆက်တွဲအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများကိုလည်း ပြည်သူလူထုအနေဖြင့် ခံစားလာရပါသည်။ တဘက်တွင်လည်း နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်တွင် မတူညီသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများ အပြိုင်းပြိုင်းပေါ်လာပြီး နိုင်ငံရေးကြိုးပမ်းမှုများကို ပြုလုပ်လာကြပါသည်။

သို့သော် အဆိုပါ စုဖွဲ့မှုများမှာ ယခင်ရှိရင်းစွဲ နိုင်ငံရေးပါတီများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို မတွေ့ရပါ။ အထူးသဖြင့် ရှိရင်းစွဲ အင်အားကြီး တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မတွေ့ရသကဲ့သို့ ယခင်ကဖွဲ့စည်းခဲ့ကြသော စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (United Nationalities Alliance) ကဲသို့သော အဖွဲ့အစည်းများမှာ မှေးမှိန်လာခဲ့သည်။ တဖန် အသစ်ထပ်မံဖွဲ့စည်းထားသော ဖယ်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များကော်မတီ (People's Representative Committee for Federal) ကဲ့သို့သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကိုလည်း ထင်ထင်ရှားရှားမတွေ့ရပါ။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထုတ်ပြန်ကြေညာထားသော်လည်း အဆိုပါကြိုးပမ်းမှုများမှာ အရာထင်ခြင်းမရှိဘဲ နွေဦးတော်လှန်ရေး

ခေါင်းစဉ်အောက်မှ ပေါ်ပေါက်လာသော နိုင်ငံရေးကြိုးပမ်းမှုများက အဓိကအစိတ်အပိုင်းများဖြစ်လာသည်ကို တွေ့ရှိရပါသည်။ PRCF အနေဖြင့် တချိန်ချိန်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးရန်နှင့် ရေးဆွဲထားသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းအဖြစ်တင်ပြဆွေးနွေးပြီး လုပ်သင့်သည့်ပြင်ဆင်မှုများလုပ်ဆောင်ကာ အားလုံးသဘောတူလျှင်အားလုံး လက်ခံနိုင်သည့် ဖွဲ့စည်းပုံအဆင့်ကို ရောက်သွားနိုင်ကြောင်း ပြောဆိုထားသော်လည်း လက်ရှိအချိန်အထိ NUCC နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခြင်းမရှိသေးပေ။ [1]

အစီရင်ခံစာ၏ ယခုဆွေးနွေးချက်များတွင် အာဏာသိမ်းပြီးနောက်ပိုင်း အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့၏ ဖက်ဒရယ်ကြိုးပမ်းမှုဖြစ်စဉ်တွင် စိန်ခေါ်မှုများအပြင် "၁၀၂၇ စစ်ဆင်ရေး" အပြီး လျင်မြန်စွာဖြစ်ပေါ်လာသော စစ်ရေးအောင်မြင်မှုများအကြောင်းကို ယှဉ်တွဲပြီးဖော်ပြသွားမည် ဖြစ်ပါသည်။ အထူးသဖြင့် စစ်ရေးအောင်မြင်မှုများ၏နောက်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအခင်းအကျင်း၊ မြေပြင်မှ စစ်ရေး/ နိုင်ငံရေး အားပြိုင်မှုများနှင့် မတူညီသောအဖွဲ့အစည်းများ၏ မတူကွဲပြားသော နိုင်ငံရေးအိပ်မက်များအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။ အထူးသဖြင့် မတူညီသောဖြစ်စဉ်နှစ်ခု၏ ဆုံချက်နှင့် အနာဂတ်အလားအလာများကို ယခုအစီရင်စာတွင် အဓိကဆွေးနွေးသွားပါမည်။


[1] PRCF ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် စိုင်းကျော်ညွန့်နှင့် မေးမြန်းခြင်း၊ MeKong News ၊ ၁၃ ဖေဖော်ဝါရီ ၂၀၂၄

## ၃.၁။ စစ်ရေးအောင်မြင်မှု နှင့် နိုင်ငံရေးအရ အဆင်သင့်ဖြစ်မှု

"၁၀၂၇ စစ်ဆင်ရေး"နှင့် အဆိုပါစစ်ဆင်ရေး ဒုတိယပိုင်းတို့၏ စစ်ရေးအရ အောင်မြင်မှုသည် မြန်မာပြည်တွင်းစစ်၏သမိုင်းတကွေ့ဖြစ်လာပါသည်။ အထူးသဖြင့် လားရှိုးမြို့သိမ်းတိုက်ပွဲများနှင့် စစ်ကောင်စီ၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ) ကျရှုံးရခြင်းသည် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်[2] (ကိုးကန့်တပ်ဖွဲ့ - MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (တအာင်းတပ်ဖွဲ့ - TNLA) အပြင် အခြားသော မဟာမိတ်ပူးပေါင်းတပ်ဖွဲ့ဝင်များ၏ စစ်ရေးအောင်မြင်မှုများ ဖြစ်လာပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(EROs) များ၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ PDFတပ်ရင်းများ၏ စစ်ရေးအရ အောင်မြင်မှုများသည် မြို့ပေါင်း ၈၀အထိ စစ်ကောင်စီထံမှ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါအောင်မြင်မှုများကတဆင့် အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တပြိုင်တည်းလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလာခဲ့ကြပါသည်။[3] ထိုကဲ့သို့သော ကြိုးပမ်းမှုများနှင့်အတူ တပါတည်းဖြစ်ပေါ်လာသော မေးခွန်းမှာ "မည်သူကအဆိုပါပိုင်နက်နယ်မြေများအား စီမံအုပ်ချုပ်ခွင့်ရရှိမည်နည်း"ဟူသော မေးခွန်းပင် ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံရေးအရ မည်သူ့တွင် အုပ်ချုပ်ပိုင်ခွင့် ရှိသနည်းဟူသော မေးခွန်းလည်း ဖြစ်ပါသည်။

[2] MNDAA လက်အောက်က လားရှိုးမြို့ရဲ့ အခြေအနေ (ရုပ်/သံ) ၊ The Irrawaddy News၊ ဩဂုတ် ၁၅၊ ၂၀၂၄

[3] ရှမ်းပြည် အထူးဒေသ ၁ ကို ပြန်ထူထောင်မယ်လို့ MNDAA ပြော၊ BBC၊ ၃ ဇန်နဝါရီ ၂၀၂၄




များပြားလှသည့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့များရှိရာ ရှမ်းပြည်နယ်ကဲ့သို့ မတူကွဲပြားမှု၊ မျိုးနွယ်စုစုံလင်မှု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ပိုင်နက်နယ်မြေသတ်မှတ်ခြင်းများသည် ရိုးရှင်းလှသည်မဟုတ်ပေ။ အထူးသဖြင့် လူဦးရေအရ ရောထွေးယှက်တင်နေထိုင်လျက်ရှိကြပြီး လူမျိုးတစုချင်းစီ၏ ပိုင်နက်နယ်မြေများ သတ်မှတ်ပိုင်းခြားရေးသည် ပို၍ပင်ခက်ခဲပါသည်။ ထို့ကြောင့် နယ်မြေဒေသတခုအား စစ်ရေးအရ ထိန်းချုပ်သိမ်းပိုက်နိုင်ပြီးနောက်ပိုင်းတွင် လူမျိုးရေးအခြေပြု အုပ်ချုပ်ရေးတူထောင်လာကြခြင်းသည် လူမျိုးရေးပဋိပက္ခမီးပွားများကို ဖြစ်လာစေနိုင်ပါသည်။

သို့သော်အချို့သောအဖွဲ့အစည်းများသည် နွေဦးတော်လှန်ရေးအရှိန်အဟုန်များဖြင့် စစ်ရေးရည်မှန်းချက်များကို ပိုမိုဖြန့်ကျက်လာကြပြီး သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) စသော အဖွဲ့များသည် အသစ်ဖြစ်ပေါ်လာသော အခြေအနေသစ်တွင် လိုက်လျောညီထွေဖြစ်စေရန် ကြိုးစားနေရဆဲဖြစ်သည်။ သို့သော် လက်နက်နှင့်လူအင်အားတောင့်တင်းသော 'ဝ' ပြည်သွေးစည်းညီညွတ်ရေး

တပ်မတော် (UWSP/UWSA)၊ စီးပွားရေးအင်အားတောင့်တင်းသော အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့ (မိုင်းလားအဖွဲ့- NDAA) ကဲ့သို့သောအဖွဲ့များသည် ကြားနေ ပုံစံအဖြစ် နှစ်ဘက်စလုံးအကြားတွင် စစ်ရေး၊ နိုင်ငံရေးအရ ဝင်ဆန့်နေဆဲ ဖြစ်ပါသည်။ [4]

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အတွက်မူ စစ်ရေး၊ နိုင်ငံရေး ဖြစ်စဉ်များကို ဟန်ချက်ညီအောင် အကောင်အထည်ဖော်နေရဟန်ရှိသော်လည်း အဆိုပါအကောင်အထည် ဖော်ဆောင်မှုနှစ်ခုအား ဆက်စပ်၍မရခြင်းမှာ အကြီးမားဆုံး အားနည်းချက်ဖြစ်လာသည်။ အထူးသဖြင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ပြီး စစ်ရေးအောင်မြင်မှုများရရှိအောင် ဖန်တီး နေကြသောအဖွဲ့အစည်းများမှာ နိုင်ငံရေးအရ ကတိကဝတ်များ ပြုထားခြင်းမရှိသည့်အပြင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ ( NUCC) မှ အကောင်အထည်ဖော် ဆောင်ရွက် နေသော ဖယ်ဒရယ်ဒီမိုကရေစီချာတာ (Federal Democracy Charter) ရေးဆွဲခြင်းများ တွင် မပါဝင်နေကြခြင်းပင်ဖြစ်သည်။ ရေတိုကာလ စစ်ဆင်ရေးဖော်ဆောင်ခြင်းများနှင့် စစ်ရေးအောင်မြင်မှုများအတွက် ယခုကဲ့သို့ စစ်ရေးမဟာမိတ်များက အလုပ်ဖြစ်နိုင်သော် လည်း နိုင်ငံရေးအရ စည်းနှောင်ခြင်းမရှိပါက နောက်ပိုင်းတွင် နိုင်ငံရေးအရဆွေးနွေးပြော ဆိုကြသောအခါ အခက်အခဲများရှိနိုင်ပါသည်။ ဤတွင် နိုင်ငံရေးကြိုးပမ်းမှုနှင့် စစ်ရေး ကြိုးပမ်းမှုနှစ်ခုအကြားတွင် မျှခြေသဘောကို ရှာဖွေနိုင်ရန် အလွန်အရေးကြီးနေသည်ဟု ဆိုရပါမည်။

စစ်ရေးအောင်မြင်မှုများ မြန်ဆန်လာသည်နှင့်အမျှ နိုင်ငံရေးအရ အဆင်သင့်ဖြစ်မှုသည် ပိုမိုအရေးကြီးလာပါသည်။ အထူးသဖြင့် စစ်ရေးပဋိပက္ခ၏ သက်ရောက်မှုများ၊ ဘေးဒုက္ခ များကိုခါးစည်းခံနေကြရသော ပြည်သူလူထု၏ ဝန်ထုပ်ဝန်ပိုးများကို လျော့ကျလွင့်ပါးစေရန် စစ်ရေးအရသာမက နိုင်ငံရေးအရပါ အဖြေရှာနိုင်မှသာ ရလဒ်ကောင်းများကို ဖန်တီးနိုင် မည်ဖြစ်သည်။ စစ်ရေးအောင်မြင်လာသည်နှင့်အမျှ နယ်မြေပိုင်ဆိုင်မှုကိစ္စရပ်များ၊ အုပ်ချုပ် ရေးကိစ္စရပ်များအပြင် အရင်းအမြစ်နှင့် အင်အားတိုးချဲ့ရေးများကိုပါ တပြိုင်တည်း လုပ်လာ ကြမည်ဖြစ်သည်။ ထို့ကြောင့် စစ်ရေးဖြစ်စဉ်နှင့် နိုင်ငံရေးဖြစ်စဉ်တို့အကြား မျှခြေကိုရှာဖွေ နိုင်မှသာလျှင် အနာဂတ်ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အထောက် အပံ့ဖြစ်မည် ဖြစ်သည်။

4 ၁၀၂၇ စစ်ဆင်ရေးမှာ ဝ တပ်ဖွဲ့ ဘယ်လိုရပ်တည်လဲ၊ BBC၊ ၁၉ ဇူလိုင် ၂၀၂၄

## ၃.၂။ မတူညီသော နိုင်ငံရေးအိပ်မက်များ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်မှစတင်သည့် စစ်အာဏာသိမ်းကာလအတွင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ အများအပြားပေါ်ပေါက်လာပြီး မတူညီသော နိုင်ငံရေးရည်မှန်းချက်များကို မိတ်ဆက်ပြောဆိုလာကြပါသည်။ ထို့အပြင် ရှိရင်းစွဲ EROs ၏ နိုင်ငံရေးအိပ်မက်များသည်လည်း ပုံစံ၊ သဏ္ဍာန်ကွဲပြားခြားနားမှုများကို တွေ့မြင်လာရသည်။ အထူးသဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးကိစ္စရပ်များသည် ပိုမိုရှုပ်ထွေးလာခဲ့သည်။ အချို့သော EROs များက ကွန်ဖက်ဒရေးရှင်းပုံစံ တည်ဆောက်မည်ဟု ပြောဆိုကြပြီး အချို့သော EROs များကမူ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးသည်သာ မြန်မာနိုင်ငံ၏ တခုတည်းသောအဖြေအဖြစ် ယူဆနေကြဆဲ ဖြစ်သည်။

ယခုစာတမ်းအတွက် ပြုလုပ်သော BNI - Myanmar Peace Monitor ၏ စကားဝိုင်းတွင်တော့ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) ၏ဥက္ကဋ္ဌဖြစ်သူ ဦးအောင် ဆန်းမြင့်က ယခုလို ပြောပါသည်။

"၂၀၀၁ ထဲကနေ ဖက်ဒရယ်စနစ်ကို သွားမယ်။ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုတာ ကျွန်တော်တို့ စွဲစွဲမြဲမြဲ နိုင်ငံရေးဦးတည်ချက်အရ ကျွန်တော်တို့ ချထားတဲ့အတွက် ဖြစ်တယ်" ။

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းကာလအတွင်း တော်လှန်ရေးအင်အားစုအချင်းချင်း အကြား နိုင်ငံရေးအရ စည်းလုံးမှု၊ ညီညွတ်မှုများ အားကောင်းလာကြသကဲ့သို့ ကရင်နီပြည် (ကယား) တွင်လည်း နိုင်ငံရေးအစုအဖွဲ့၊ လက်နက်ကိုင်အစုအဖွဲ့၊ အရပ်ဖက်အစုအဖွဲ့၊ လူငယ်အစုအဖွဲ့စသဖြင့် အစုအဖွဲ့အချင်းချင်းအကြားမတူကွဲပြားမှုများရှိနေကြသည့်တိုင် စုစည်းညီညွတ်မှုများ ဖြစ်တည်ပေါ်ဖွားလာခဲ့ရသည်။ "ဒါကြောင့်မို့ ဒီနေ့အချိန်မှာ ကိုယ့်ရဲ့ကိုယ်ပိုင်ပြဌာန်းခွင့်၊ ပြည်နယ်ရဲ့ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျင့်သုံးလို့ အကောင်းဆုံး အချိန်ကာလ ဖြစ်တယ်လို့ ကျွန်တော်တို့က ယုံကြည်တယ်" ဟု ဦးအောင်ဆန်းမြင့်က ဆိုပါသည်။

ယခုကဲ့သို့စစ်ရေးအောင်မြင်မှုများ၊ နယ်မြေထိန်းချုပ်သိမ်းပိုက်နိုင်မှုများရရှိလာနေချိန်၊ ကရင်နီပြည် (ကယား)အတွင်း အာဏာသိမ်းစစ်အုပ်စု၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအပါအဝင် ဌာနဆိုင်ရာယန္တယားများ ပျက်ပြားနေချိန်တွင် ဖက်ဒရယ်ချာတာကို အခြေပြုပြီး ကရင်နီပြည်(ကယား)အတွင်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစသော ဌာနဆိုင်ရာယန္တယားများကို ပုံဖော်ကာ လည်ပတ်လုပ်ဆောင်နေခြင်းဖြစ်သည်။ "ဒီနေ့အချိန်မှာမှ ဒါကို မလုပ်ဘူးဆိုလို့ရှိရင် ပြင်ဆင်မှုမရှိဘူးဆိုလို့ရှိရင် အနာဂတ်ဖယ်ဒရယ် ပြည်ထောင်စု



*ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) ဥက္ကဋ္ဌ ဦးအောင်ဆန်းမြင့်*

တည်ဆောက်တဲ့အချိန်ကာလမှာ ကျွန်တော်တို့အချင်းချင်းကြားထဲမှာ အများကြီးညှိနှိုင်းရမှာတွေ ဖြစ်လာလိမ့်မယ်" ဟု KSCC ဥက္ကဋ္ဌက ယုံကြည်ထားပါသည်။ သူကယခုလိုလည်း ပြောပါသည်။

"ဒီပြည်ထောင်စုအားကောင်းရေးကနေမှ ပြည်နယ်တွေကို အာဏာခွဲဝေလျှော့ချပေးတဲ့စနစ်ကို သွားမှာမဟုတ်ဘူး။ ကျွန်တော်တို့သွားချင်တာက ပြည်နယ်တွေအားကောင်းရေးမှတဆင့် ပြည်ထောင်စုအားကောင်းရေး ကို ချီတက်တဲ့ပုံစံနဲ့သွားမှာ ဖြစ်တယ်။ အဲဒီ့အတွက် ပြည်နယ်တိုင်းတွေက ပြင်ဆင်ထားဖို့ လိုလိမ့်မယ်။ ကျွန်တော်တို့ကြားထဲမှာ နိုင်ငံရေးဘုံသဘောတူညီချက်တွေကို အခုကတည်းက ချထားရမယ်။ အရေးကြီးတဲ့အချက်တွေကို ကျွန်တော်တို့ကြားထဲမှာ ဆွေးနွေးထားရမှာ ဖြစ်ပါတယ်။ အဓိကကတော့ ဖက်ဒရယ်ကွန်စတီကျူးရှင်းတွေကို အသွင်ကူးပြောင်းရေး ကာလအတွက်ပဲဖြစ်ဖြစ် အမြဲတမ်းအတွက်ပဲဖြစ်ဖြစ် ကျွန်တော်တို့ ရေးဆွဲဖို့ မခက်ပါဘူး"။ [5]

တဘက်တွင်လည်း ဖက်ဒရယ်ထက်ကိုကျော်လွန်ပြီး ကွန်ဖယ်ဒရေးရှင်းကဲသို့သော နိုင်ငံရေးရည်မှန်းချက်များကို ပြောဆိုကြသည့် တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များလည်းရှိလာကြသည်။ ထို့အပြင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတွင် အဓိကကျသော ပြည်နယ်အရေအတွက်နှင့် ပတ်သက်ပြီး ပြည်နယ်သစ်ပေါ်ထွန်းရေး ကိစ္စများသည်လည်း အဓိကအကြောင်းအရာတခု ဖြစ်လာသည်။ အထူးသဖြင့် ရှမ်းပြည်နယ်အတွင်းမှ လူမျိုးစုရေးရာများနှင့် ဆက်စပ်ပြီး ပြည်နယ်သစ်ပေါ်ထွန်းရေး ကိစ္စများသည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် အဓိကအရေးပါသော အကြောင်းအရာတခု ဖြစ်လာခဲ့သည်။

---

[5] BNI- MPM မှ ပြုလုပ်သောဆွေးနွေးပွဲတွင် ကရင်နီပြည်ကြားကာလအတိုင်ပင်ခံကောင်စီ (KSCC) ဥက္ကဋ္ဌ ဦးအောင်ဆန်းမြင့်၏ ဆွေးနွေးချက်၊ ၂၅ ဧပြီ ၂၀၂၄

# ၄။ လေ့လာဆန်းစစ်ချက်များ

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ရေးအောင်မြင်မှုများကို အခြေခံပြီး ဖက်ဒရယ် အုပ်ချုပ်ရေးယူနစ်များကို မိုဒယ်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖြင့်တည်ဆောက်ခဲ့ကြသည်။အထူးသဖြင့် ကရင်နီ ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ထင်ရှားပါသည်။ သို့သော် အဆိုပါယူနစ်များမှာ လည်း နည်းပညာဆိုင်ရာအခက်အခဲ၊ နိုင်ငံရေးမျှော်ရည်ချက်မတူ ညီမှုများအကြား ညှိနှိုင်း ရသောနိုင်ငံရေးအခက်အခဲများနှင့် အရင်းအမြစ်ဆိုင်ရာ အခက်အခဲများကြောင့် ကြိုးစား ရုန်းကန်နေရဟန် ရှိပါသည်။ ထို့အပြင် များပြားလှသော လက်နက်ကိုင်တပ်ဖွဲ့များအကြား နိုင်ငံရေးအရ ပေါင်းစည်းမှုများနှင့် နောက်ဆက်တွဲစိန်ခေါ်မှုများကိုကား အပြီးတိုင်ဖြေရှင်း နိုင်ခြင်း မရှိကြသေးပါ။ ထို့အပြင် တဘက်တွင်လည်း လုံခြုံရေးဆိုင်ရာ အာမခံချက်များ အတွက် စစ်ရေးအရှိန် မြှင့်တင်ခြင်းနှင့် ပိုမိုသေချာသော လုံခြုံရေးဆိုင်ရာ အာမချက်ခံများ အတွက် အပြင်းအထန် ကြိုးစားနေရဟန် ရှိပါသည်။

အဆိုပါစစ်ရေးဖြစ်စဉ်များနှင့် နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များအကြားတွင် "ဟန်ချက်ညီ လှုပ်ရှားနိုင်ရေး" အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ခဲ့သည်။ စစ်ရေးအရအရွေ့အဟုန် နှေးကွေး သေးသည့်ကာလများတွင် အဆိုပါစိန်ခေါ်မှုသည် မသိသာသော်လည်း စစ်ဆင်ရေး ၁၀၂၇ ပထမလှိုင်းနှင့် ဒုတိယလှိုင်းအလွန် ကာလများတွင်တော့ စစ်အာဏာရှင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် စစ်ရေးအရ အရှိန်အဟုန် နှင့် နိုင်ငံရေးအရ အရွေ့အတွန်းများသည် တဖက်နှင့်တဖက် ဟန်ချက်ညီ လှုပ်ရှားနိုင်ရေး သည် ကြီးမားသည့် စိန်ခေါ်မှုတခုအဖြစ် ထင်ရှားလာပါသည်။

"၁၀၂၇ စစ်ဆင်ရေး" အလွန် စစ်ရေး၊ နိုင်ငံရေး အပြောင်းအလဲများနှင့် ဆက်စပ်ပြီး အဓိကအားဖြင့် အကြောင်းအရာသုံးခုကို လေ့လာရန် လိုအပ်ပါသည်။ အထူးသဖြင့် "၁၀၂၇ စစ်ဆင်ရေး" ပထမပိုင်းနှင့် ဒုတိယပိုင်းတို့နောက်ပိုင်းတွင် အာဏာသိမ်းစစ်တပ်၏ ဖရိုဖရဲ

ဖြစ်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်လာရပြီး စစ်ရေးအောင်မြင်မှုများမှာ ပိုမိုအရှိန်ရလာပါသည်။ စစ်ရေးစစ်ဘောင် ကျယ်ပြန့်လာပြီး နိုင်ငံရေးအရ ဆွေးနွေးနိုင်သည့် အခင်းအကျင်းသည် ကျဉ်းမြောင်းလွန်းသည့် အခြေအနေမျိုးတွင် သက်ဆိုင်ရာတော်လှန်ရေးအင်အားစုများအချင်းချင်းအကြား ခိုင်မာအားကောင်းသော နိုင်ငံရေးသဘောတူညီချက်များ ရယူထားနိုင်ခြင်းသည်ပင် အနာဂတ်မြန်မာနိုင်ငံ၏ တည်ဆောက်မှုပုံသဏ္ဌာန်ကို မှန်းဆနိုင်လိမ့်မည်ဖြစ်သည်။

တော်လှန်ရေးအင်အားစုများအချင်းချင်းအကြား ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟု ဘုံအားဖြင့် ဆန္ဒတူကြသည့်တိုင် မည်ကဲ့သို့သော ပြည်ထောင်စုကို မည်သည့်ပုံသဏ္ဌာန်၊ အသွင်သဏ္ဌာန်ဖြင့် တည်ဆောက်ကြမည်နည်းဆိုသည်က ရှင်းလင်းပြတ်သားစွာ နားလည်မှုတည်ဆောက်ထားကြရပေလိမ့်မည်။ တချိန်က စစ်အုပ်စုစပွန်ဆာဖြင့် ပြုလုပ်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအောက်မှ "ယောင်ဝါးဝါးပြည်ထောင်စု" မျိုး ထပ်မံအဖြစ်ခံ၍ မရကြောင်း သတိချပ်ကြရမည်ဖြစ်သည်။

## ၄.၁။ စစ်ရေးနှင့် နိုင်ငံရေးအရှိန်အဟုန်ပုစ္ဆာ

၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုကြောင့် တစ်နိုင်ငံလုံးတွင် လူထုလှုပ်ရှားမှုများ အရှိန်အဟုန် ကောင်းကောင်းနှင့်ပေါ်ပေါက်လာခဲ့ပြီး စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွဲမှုများကြောင့် လူထုအနေဖြင့် လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းကို ရွေးချယ်ခဲ့ကြကာ တစ်နိုင်ငံလုံးအနှံ့တွင် လက်နက်ကိုင်တပ်ဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့ကြပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ကို ဆက်လက် ဖွဲ့စည်းခဲ့ကြကာ စစ်အာဏာသိမ်းမှုတော်လှန်ရေးနှင့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးတို့အတွက် လုပ်ဆောင်လာခဲ့ကြသည်။ သို့သော် အင်အားကြီးတိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့တချို့မှာ တိုက်ရိုက်ပါဝင်ခြင်းမပြုလုပ်ကြဘဲ အချို့သော တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ချင်းအမျိုးသားတပ်ဦး(CNF) တို့သာ ပါဝင်ခဲ့ကြသည်။ မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အင်အားစု အများစုသည် ရှိရင်းစွဲပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)၏ နိုင်ငံရေးမူဘောင်အောက်ထဲမှသာ ထိတွေ့ဆက်ဆံခဲ့ကြပြီး စစ်ရေးအရ ကူညီဆောင်ရွက်ခြင်းများ၊ ပူးတွဲဆောင်ရွက်ခြင်းများကို အမိက လုပ်ဆောင်ခဲ့ကြသည်။



*နွေဦးတော်လှန်ရေး ချီတက်ဆန္ဒပြမှုတခု (ဓာတ်ပုံ - Courtesy)*

CRPH ဖွဲ့စည်းမှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်အများစုသာပါဝင်ပြီး ဗမာလူမျိုးအများစု၏ လွှမ်းမိုးမှု ရှိနေသောကြောင့် ဝေဖန်မှုများပြင်းထန်ခဲ့ကာ ငြင်းခုန်မှုများလည်း ရှိခဲ့ကြသည်။ ထို့အပြင် NUCC အတွင်း EROs (၈) ဖွဲ့အထိ ပါဝင်ခဲ့ကြပြီး ဖက်ဒရယ်ယူနစ်၊ အရပ်ဖက်အဖွဲ့အစည်းနှင့် သပိတ်ကော်မတီစသည့် အစုအဖွဲ့ (၂၈) ဖွဲ့အထိ ပါဝင်ခဲ့ကြသည်။ [6] သို့သော် ယင်းပါဝင်မှုကိန်းဂဏန်းများသည် အမြဲတမ်းအပြောင်းအလဲရှိနေပြီး နှုတ်ထွက်မှုများ၊ ပါဝင်မှု ရပ်စဲထားခြင်းများ အစရှိသော ဖြစ်စဉ်များကိုလည်း ရံဖန်ရံခါ တွေ့ရပါသည်။

ဆိုလိုသည်မှာ တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဗမာအခြေပြု တော်လှန်ရေးအဖွဲ့အစည်းများအကြားတွင်လည်း "ယုံကြည်မှု" အရင်းခံပြဿနာတချို့ ရှိနေတုန်းပင်ဖြစ်သည်။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတချို့မှာ ယခင်က စစ်အာဏာသိမ်းမှု နောက်ဆက်တွဲဖြစ်စဉ်များ၌ ပေါ်ပေါက်ခဲ့ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) အစရှိသော အဖွဲ့အစည်းများ၏ သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူကြပြီး သတိကြီးစွာဖြင့် ကိုင်တွယ်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး ဆွေးနွေးပွဲများ၊ နိုင်ငံရေးညှိနှိုင်းမှုများတွင် မြန်မာနိုင်ငံမြောက်ပိုင်း၌ အခြေစိုက်သော တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များ၏ အမြင်သဘောထားများကို ကွန်ဖက်ဒရေးရှင်းနှင့် နီးစပ်သော နိုင်ငံရေး

---

6 NUCC ကြီးမှူးကျင်းပ ပြည်သူ့ညီလာခံမှာ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုမယ်၊ VOA၊ ၂၇ ဇန်နဝါရီ၊ ၂၀၂၂

လိုအင်အဖြစ် ပုံဖော်ကြပါသည်။ သို့သော် အဆိုပါအဖွဲ့အစည်းများသည် အမျိုးသား ညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးဆွေးနွေးပွဲများတွင် အဓိကပါဝင်ကြသည်တော့မဟုတ်ပါ။ ထိုအဖွဲ့အစည်းများသည် စစ်ရေး၊ စစ်ရာများနှင့် ဆက်စပ်သော အကြောင်းအရာများတွင်သာ အဓိကပြောဆိုဆွေးနွေးကြပြီး "ဘုံရန်သူ" ကို တိုက်ခိုက်ရန်အတွက် နည်းဗျူဟာမြောက် မဟာမိတ်အဖြစ် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ သို့သော် နိုင်ငံရေးအရ မဟာဗျူဟာမြောက် ဆက်ဆံရေးများကိုမူ ရှင်းလင်းစွာမတွေ့ရသေးဘဲ အစုအဖွဲ့အလိုက် ဘုံသဘောထား ရပ်တည်ချက်မျှကိုသာ ပူးတွဲထုတ်ပြန်ကြလေ့ ရှိပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ထုတ်ပြန်သည့် "စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွလက်တွဲတော်လှန်တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း" တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၊ ချင်းအမျိုးသားတပ်ဦး (CNF)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အကြား ရရှိထားသည့်ဘုံသဘောတူညီချက်တရပ်ဖြစ်ပါသည်။ [7]

"ဒီဘုံသဘောတူညီချက်ဟာ လောလောဆယ်အားဖြင့် K3C လို့ခေါ်တဲ့ KIO၊ KNU၊ KNPP၊ CNF တွေဖြစ်တဲ့ ကျနော်တို့ရဲ့ တိုင်းရင်းသားမဟာမိတ်အစုအဖွဲ့တွေကြားမှာ သဘောတူညီချက်အားဖြင့် ခိုင်ခိုင်မာမာရရှိထားတဲ့ အချက်တွေဖြစ်သလို ဆက်လက်ပြီးတော့ တိုင်းရင်းသားမဟာမိတ်အဖွဲ့အစည်းတွေရဲ့ စုရုံးသဘောတူညီစေမှုကို ဆက်လက်ကြိုးပမ်းရမှာ ဖြစ်ပါတယ်" ဟု NUG ယာယီသမ္မတဒူဝါလရှီးလက ပြောပါသည်။

အဆိုပါဘုံသဘောထားရပ်တည်ချက်တွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် စုံလင်ကွဲပြားသော လူမျိုးများ၏ သရုပ်လက္ခဏာ (Identity) များကို ကာကွယ်မြှင့်တင်ပေးသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများအပြည့်အဝရှိသော ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည် ထောင်စုတည်ဆောက်ရန် မျှော်မှန်းထားပြီး ဦးတည်ချက် (၆) ရပ်၊ ရပ်တည်ချက် (၉) ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့် (၆) ခု တို့ ပါရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" အလွန်ကာလများတွင်တော့ မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့နှင့် NUGလက်အောက်ခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ စစ်ရေးအရ ပူးပေါင်းလှုပ်ရှားမှုများကို ပိုမိုတွေ့လာရပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်း နိုင်ငံရေးအရ သဘောတူညီမှုရရှိရေး

[7] အမြဲရောင်လှုပ်ရှားမှု၊ ဘုံသဘောထားရပ်တည်ချက်များနှင့် ကျရိပ်ပြလာသည့် စစ်ကောင်စီ၊ BNI-MPM ၊ ၅ ဖေဖော်ဝါရီ ၂၀၂၄

ထက် မြောက်ပိုင်းညီနောင်မဟာမိတ်အဖွဲ့များထံမှ စစ်ရေးအကူအညီများက စစ်ကောင်စီကိုတိုက်ခိုက်ရန်အတွက် ပိုမိုလိုအပ်ပြီး အရေးပါပါသည်။ ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံရေးဆွေးနွေးပွဲများထက် စစ်ရေးရည်မှန်းချက်များက ပိုမိုရှေ့တန်းရောက်လာသည်ကို တွေ့ရှိရပါသည်။

အာရက္ခတပ်တော် (AA) ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခကတော့ ၎င်းတို့အနေဖြင့် ရခိုင်ဒေသတစ်ခုလုံး လွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ရခိုင့်ကံကြမ္မာကို ရခိုင့်လက်ဖြင့်ဖန်တီးနိုင်သည့် အာရက္ခပြည်၏ အနာဂတ်ကို ကိုယ်တိုင်တည်ဆောက်သွားမည်ဟုဆိုပါသည်။ "ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စုကနေ သီးခြားခွဲထွက်သွားဖို့ဆန္ဒမရှိဘဲ မြန်မာနိုင်ငံထဲမှာပဲ ရခိုင့်ကံကြမ္မာကို ရခိုင်လူမျိုးတွေကိုယ်တိုင် ဖန်တီးခွင့်ရဖို့မူကိုကိုင်စွဲပြီး ကွန်ဖက်ဒရေးရှင်းအဆင့်ထက်မနိမ့်တဲ့ နိုင်ငံရေးမူနဲ့ ရပ်တည်သွားမှာဖြစ်တယ်။ ထိုအခွင့်အလမ်းတွေကိုလည်း ဘယ်သူ့ဆီကမှ တောင်းဆိုနေမှာမဟုတ်ဘဲ အာမခံချက်ရရှိရေးအတွက် ရက္ခိုင့်တပ်တော် (AA) ကိုယ်တိုင်ပဲ လုပ်ဆောင်သွားမှာဖြစ်တယ်" ဟု ခိုင်သုခက ဆိုပါသည်။ [8]

လက်ရှိနွေဦးတော်လှန်ရေးကာလအတွင်း တော်လှန်ရေးအင်အားစုအသီးသီးသည် အာဏာသိမ်းစစ်အုပ်စုကို ဘုံရန်သူအဖြစ် သတ်မှတ်ထားကြသည့်တိုင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ကိုယ်ပိုင်နိုင်ငံရေး စဉ်းစားချက်များ၊ ကိုယ်ပိုင်ရည်မှန်းချက်များ၊ အိပ်မက်များကိုယ်စီရှိနေကြပါသည်။ ထိုကဲ့သို့နိုင်ငံရေးစဉ်းစားချက်များ၊ ရည် မှန်းချက်များ၊ အိပ်မက်များကို ပေါင်းစည်းနိုင်ရေး၊ ဆုံစည်းနိုင်ရေးကို အလေးအနက်စဉ်းစားကြရမည် ဖြစ်သည်။

[8] ရခိုင်ပြည်နယ်တစ်ခုလုံးလွတ်မြောက်အောင် တိုက်ခိုက်သွားမယ်လို့ AA ပြော၊ RFA၊ ၄ မတ် ၂၀၂၄



အာရက္ခတပ်တော် တပ်ဖွဲ့ဝင်များ

"အခုချိန်မှာတော့ NUG အနေနဲ့ သူ့အတိုင်းအတာနဲ့ ဆက်သွားနေရတယ်။ သူဘယ်လောက်အထိ ကိုင်တွယ်ဖြေရှင်းနိုင်မလဲ၊ အစုအဖွဲ့အသီးသီးကြားမှာ တံတားသဖွယ် ကူးလူးဆက်သွယ်ပြီးတော့ အဆင်ပြေပြေ ဆောင်ရွက်နိုင်မလဲဆိုတာကတော့ ဆက်ပြီး စောင့်ကြည့်ရမှာပေါ့။ ပွင့်ပွင့်လင်းလင်းပြောရရင် အခုချိန်မှာ NUG ကို အများကြီးအားရတာတော့ မတွေ့သေးဘူး။ ဘုံရန်သူတိုက်ခိုက်ရေးမှာတော့ ရှေ့ဦးတော်လှန်ရေးဘက်ခြမ်းကို ပါဝင်လာကြတယ်။ ရေရှည်ဆွေးနွေးရမယ့် ကိစ္စရပ်တွေကလည်း တဖက်မှာ ကျန်ရှိနေဦးမှာပဲ။ ရေရှည်ဆွေးနွေးရမယ့် ကိစ္စရပ်တွေကို စိတ်ပူပြီးတော့ ဘုံရန်သူချေမှုန်းရေးကို အားလျော့သွားလို့တော့ မဖြစ်ဘူး" ဟု ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) ကွပ်ကဲရေးမှူး မောင်ဆောင်းခက ဆိုပါသည်။ [9]

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းနှင့် ဖြစ်ပေါ်ပြောင်းလဲနေသည့် မြင်ကွင်းများအရ အစုအဖွဲ့ အင်အားစုအသီးသီးအကြား နိုင်ငံရေးအရ ထပ်တူကျဖို့ဆိုသည်က အချိန်အတိုင်းအတာတခုယူပြီး ညှိနှိုင်းကြရဦးမည်ဖြစ်သည်။ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းသွားသည့် အချိန်ကာလအလွန်တွင်သော်လည်းကောင်း၊ အာဏာသိမ်းစစ်အုပ်စု မပြုတ်တပြုတ်အချိန်တွင်သော်လည်းကောင်း တော်လှန်ရေးအဖွဲ့များအကြား နိုင်ငံရေးအရ တွေ့ဆုံစကားပြောဆိုကြရမည့် အခင်းအကျင်းတရပ် ပေါ်လာလိမ့်မည်ဟု အာရက္ခတပ်တော် (AA) ဒုစစ်ဦးစီးချုပ် ဒေါက်တာညိုထွန်းအောင်က ယူဆပါသည်။

"အဲဒီအချိန်ကြရင် ကျနော်တို့တွေ ဘယ်လောက်ထပ်တူကျအောင် လုပ်နိုင်ကြမလဲ၊ ဘယ်လောက်အထိ အနီးစပ်ဆုံးတူအောင် ညှိယူနိုင်ကြမလဲ ဆိုတာကတော့ အချိန်ရယ်၊ ဆွေးနွေးကြမယ့် အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး၊ စိတ်ရင်းစေတနာတွေအပေါ်မှာ မူတည်ပြီး ဖြစ်လာမှာပါ။ ဘာပဲဖြစ်ဖြစ် ကျနော်တို့ကတော့ အကောင်းမြင်စိတ်နှင့် အတူ ကျနော်တို့ အာရက္ခပြည်သူလူထု၊ မြန်မာပြည်သူလူထုလိုလားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်အထည် မပေါ်မချင်း တိုက်ပွဲဝင်နေဦးမှာပါ" ဟု ဒေါက်တာညိုထွန်းအောင်က ပြောပါသည်။[10]

ယခုအခါ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လှုပ်ရှားလှုပ်နေကြသည့် ကာလအတွင်း အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဗမာပြည်နယ်အပါအဝင် ပြည်နယ်အခြေပြု ပြည်ထောင်စုပုံစံ စဉ်းစားချက်၊ လက်ရှိ ပြည်နယ် (၇) ခုနှင့် တိုင်း (၇) ခု ပုံစံစဉ်းစားချက်၊ လူမျိုးကိုအခြေပြုသည့် စဉ်းစားချက်၊ နယ်မြေဒေသကိုအခြေပြုသည့် စဉ်းစားချက်၊

---

9 ဗမာပြည်သူ့လွတ်မြောက် ရေးတပ်တော် (BPLA) ကွပ်ကဲရေးမှူး မောင်ဆောင်းခနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM၊ ၂၃ ဖေဖော်ဝါရီ ၂၀၂၄

ပြည်နယ်သစ်များပေါ်ထွန်းရေး စဉ်းစားချက်၊ ကွန်ဖက်ဒရေးရှင်းပုံစံ စဉ်းစားချက်၊ စသဖြင့် စုံလင်ကွဲပြားသည့် စဉ်းစားချက်များကို မြင်တွေ့နေရပါသည်။

## ၄.၂။ ဖက်ဒရယ်နှင့် ပြည်နယ်သစ်များပေါ်ထွန်းရေးပုစ္ဆာ

တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ (TPCC) အဖွဲ့ဝင်လွေးပိုးငယ်ကတော့ ဖက်ဒရယ်အတွက် စဉ်းစားရင် အာဏာသည် အနီးစပ်ဆုံး ပြည်သူလူထုထံတွင်ရှိသည်၊ ကိုယ့်အချုပ်အခြာအာဏာနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်ကို စတင်ပြီး အကောင်အထည်ဖော်နေသည့် အချိန်တွင် မည်သူ့ကိုမျှ စောင့်နေစရာမလိုသလို မည်သူ့ထံမှလည်း တောင်းဆိုနေစရာမလိုဟု ရှုမြင်ထားပါသည်။

"ဖယ်ဒရယ်စနစ်က ဒီလူမျိုးပေးမှ၊ ဟိုလူမျိုးပေးမှဆိုပြီး လုပ်လို့ရတာမဟုတ်ဘူး။ အဓိကက အချုပ်အခြာအာဏာက ပြည်သူလူထုဆီမှာရှိတာ ဖြစ်တဲ့အတွက်ကြောင့် ဒီပြည်သူလူထုက လက်ခံတယ်။ ဒီပြည်သူလူထုက ပါဝင်မှုရှိတယ်။ သူကိုယ်တိုင်က ကျင့်သုံးဖို့ ဒီခေါင်းဆောင်တွေကို သဘောတူတယ်၊ လုပ်နိုင်စွမ်းရည်ရှိတယ်လို့ သူက ယုံကြည်တယ်ဆိုရင်တော့ ကိုယ့်ရဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို စတင်ပြီးတော့မှ အကောင်အထည်ဖော်လို့ရတယ်"ဟု လွေးပိုးငယ်ကဆိုပါသည်။ [11] တကယ့်နိုင်ငံရေးအဖြေကို ရှာဖွေကြည့်သည့်အခါ လူမျိုးနာမည်အခြေခံပြီး ပြည်နယ်များ ပေါ်ထွန်းစေခြင်းသည် မဖြစ်သင့်ဘဲ ပြည်နယ်သစ်များ ပေါ်ထွန်းလာခြင်းကို ကြိုဆိုရလိမ့်မည်ဟု သူက နားလည်ထားပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ၊ ဖက်ဒရယ်ရေးရာ ကျွမ်းကျင်သူ ဒေါက်တာပုညမွန်ကတော့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကိုစဉ်းစားသည့်အခါ "Coming Together" [12] နှင့် "Holding Together" [13] ဟူသည့်

---

[10] ရက္ခိုင့်တပ်တော်၊ ဒုစစ်ဦးစီးချုပ် ဒေါက်တာညိုထွန်းအောင်နှင့် သီးသန့်အမေးအဖြေ၊ BNI-MPM ၊ ၃၁ မတ် ၂၀၂၄

[11] BNI- MPM မှ ပြုလုပ်သောဆွေးနွေးပွဲတွင် တအာင်းအမျိုးသားအတိုင်ပင်ခံကော်မတီ (TPCC) အဖွဲ့ဝင် လွေးပိုးငယ်၏ ဆွေးနွေးချက် ၊ ၂၅ ဧပြီ ၂၀၂၄

[12] Coming together ဆိုသည်မှာ လွတ်လပ်သောနိုင်ငံများ (ဝါ) ပြည်များ (ယူနစ်များ)အသီးသီးက မိမိစိတ်ဆန္ဒအလျောက် လာရောက်ပူးပေါင်း၍ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပိုကြီးမားသောယူနစ်ကြီးကို တန်းတူရည်တူ သဘောတူညီချက်ဖြင့် အတူယှဉ်တွဲ စုပေါင်းတည်ထောင်ကြသောစနစ် ဖြစ်သည်။

[13] Holding together ဆိုသည်မှာ အရွယ်အစားကြီးမား၊ လူမှုစီးပွားစုံလင်ကွဲပြားမှုများပြားပြီး ဗဟိုချုပ်ကိုင် တပြည်ထောင်စနစ် ကျင့်သုံးခဲ့သောနိုင်ငံတစ်နိုင်ငံက ယင်းနိုင်ငံအစိုးရနှင့် ယင်းနိုင်ငံအတွင်းရှိ ပြည်နယ်များအကြားတွင် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး အာဏာခွဲဝေဖြန့်ဝေပေးကာ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်သောစနစ် ဖြစ်ပါသည်။

အချက်နှစ်ချက်ကို ပြေးမြင်ကြပြီး EROs များအပါအဝင် တော်လှန်ရေးအင်အားစုအများသည် Coming Together ကို သွားချင်ကြသည်ဟု ဆိုပါသည်။ Coming Together ပုံစံသည် Principle အရ ပြောနိုင်သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ခက်ခဲပါသည်။ "အမှန်တကယ် ဖက်ဒရယ်က ကိုယ့်ပြည်နယ်ကို ပြန်တည်ဆောက်တဲ့အခါမှာ Coming together ဖြစ်ဖို့က ကိုယ့်ပြည်နယ်မှာ အာဏာရှိဖို့လိုတယ်" ဟု ဒေါက်တာပုညမွန်က ဆိုပါသည်။ [14] သူက ယခုလိုလည်း ဥပမာပေးပါသည်။

"ကရင်နီက ၈၅ ရာခိုင်နှုန်းလောက် Control လုပ်နိုင်တယ်ဆိုရင် ဒါက တော်တော့်ကိုပြည်နယ်အာဏာ ရသွားတာ၊ အာဏာရှိသွားပြီဆိုရင် ကိုယ့်ဖယ်ဒရယ် ဘယ်လိုတည်ဆောက်မလဲဆိုတာ ပုံဖော်လို့ရတယ်။ ကိုယ်ဖြစ်ချင်တဲ့ဖက်ဒရယ် ကိုယ်အိမ်မက်ထားတဲ့ဖက်ဒရယ်ကို တည်ဆောက်လို့ရတယ်။ အရင်က ကိုယ့်အိပ်မက်ထားတဲ့ ဖက်ဒရယ်ရှိပေမယ့်လည်း အာဏာမရှိတဲ့အခါကျတော့ တည်ဆောက်ဖို့ခက်တာပေါ့။ အခုဒီတော်လှန်ရေးက တကယ့်ပြည်နယ်အာဏာကို ရရှိလာခဲ့တယ်။ အထူးသဖြင့် ကရင်နီပြည်"။

ဒေါက်တာပုညမွန်၏ အဆိုအရ လက်ရှိကာလတွင် အာဏာသိမ်းစစ်အုပ်စုသည် နိုင်ငံတဝှမ်းလုံးတွင် စစ်ရေးအရ ရှုံးနိမ့်မှုများ အကြီးအကျယ်ရင်ဆိုင်နေရသကဲ့သို့ အရေးပါသည့်မြို့များ လက်လွှတ်ဆုံးနေရချိန်တွင် တော်လှန်ရေးအင်အားစုများနေဖြင့် လစ်လပ်သွားသည့် အာဏာလေဟာနယ်တွင် အရန်သင့်ပြင်ဆင်တည်ဆောက်ထားသည် ဖက်ဒရယ်အင်စတီကျူးရှင်းများနှင့်အတူ နိုင်ငံရေးအရ သဘောတူညီချက်များရယူပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကတိကဝတ်များ ရရှိထားဖို့ လိုအပ်နေပြီဟု ဆိုပါသည်။

ဥပမာ - အဖွဲ့အစည်းတခုအနေဖြင့် ပြည်နယ်တစ်ခုလုံးကို တိုက်ခိုက်သိမ်းလိုက်သည်။ သူတို့ပြည်နယ်လွတ်မြောက်ပြီဟု ကြေညာမည်။ ဖက်ဒရယ်တည်ဆောက်ရေးသည် ခက်ခဲသည်ဟုဆိုကာ လွတ်လပ်စွာ သီးခြားနိုင်ငံတစ်ခုကဲ့သို့ ရပ်တည်မည်၊ ကွန်ဖက်ဒရေးရှင်းပုံစံသွားမည် စသဖြင့် ပုံစံအမျိုးမျိုးပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် "ဖက်ဒရယ်က မေ့ထားလို့မရဘူး။ အားကောင်းအောင် ပါဝင်နိုင်ဖို့ ဒီတိုက်တဲ့လူတွေရော၊ မတိုက်တဲ့လူရော၊ နိုင်ငံရေးပါတီတွေရော ဒါတွေကို commitment ပြန်လုပ်ဖို့လိုတယ်" ဟု ဒေါက်တာပုညမွန်က သုံးသပ်သည်။

နွေဦးတော်လှန်ရေး၏ ရည်မှန်းချက်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟုသာ ဘုံသဘောတူညီချက်ဆန်ဆန်သာရှိနေပြီး ရှင်းလင်းသည့် ပုံစံတခုကို ကွဲကွဲပြားပြား ရှိမနေသေးပေ။

[14] BNI- MPM မှ ပြုလုပ်သောဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) ၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာပုညမွန်၏ ဆွေးနွေးချက်၊ ၂၅ ဧပြီ ၂၀၂၄



Photo - Maung Saungkha Facebook

BPLA ၏ ကွပ်ကဲရေးမှူးမောင်ဆောင်းခက "ပြည်ထောင်စုမလား၊ မစုဘူးလားဆိုတာက ဗမာတွေနဲ့ အခြားဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေ အတူနေမလား၊ မနေဘူးလားဆိုတဲ့ အပေါ်မှာ မူတည်တယ်။ ကျွန်တော်တို့ ဗမာတွေရဲ့ အပြောအဆိုအပြုအမူတွေက ဘယ်လောက်အထိယုံကြည်အောင် သက်သေပြနိုင်မလဲ။ သူတို့ကရော ဗမာတွေနဲ့နေရင် အရင်ကလို ဂျင်းထည့်ခံရဦးမလားဆိုတဲ့ သံသယတွေရှိနေဦးမလား။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုအပြည့်အဝရပြီးတော့ Coming Together ဖြစ်တဲ့ ပြည်ထောင်စုကို ကျွန်တော်လည်းလိုချင်တာ အမှန်ပဲ" ဟု ဆိုပါသည်။ [15]

တဆက်တည်းတွင် ဗမာပြည်နယ်ပေါ်ပေါက်ရေးကိစ္စသည်လည်း အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ထည့်သွင်းစဉ်းစားဖွယ်ရာ အကြောင်းအချက်တခု ဖြစ်လာပါသည်။ ဗမာပြည်နယ်ပေါ်ပေါက်ရေးအတွက် လက်ခံသည့် အင်အားစုရှိသကဲ့သို့ လက်မခံနိုင်သေးသည့် အစုအဖွဲ့သည်လည်း အင်နှင့်အားနှင့် ရှိနေပြန်ပါသည်။

ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)အနေဖြင့် နိုင်ငံရေးရည်မှန်းချက်အဖြစ် ဗမာပြည်နယ်ဖြစ်ရေးစဉ်းစားချက်ကို တင်သွင်းထားပြီး ရေရှည်တွင် ပြည်ထောင်စုတွင် ပါဝင်သော၊ ပြည်ထောင်စုတွင်ပါဝင်လာနိုင်သော ပြည်နယ်အဖွဲ့ဝင်အချင်းချင်းအကြား သဟဇာတဖြစ်ရေးကို ဦးတည်သည့်အတွက် ဗမာပြည်နယ်ဖြစ်ရေးကို တင်သွင်းရခြင်းဖြစ်သည်ဟု ဆိုပါသည်။

---

15 ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA) ကွပ်ကဲရေးမှူး မောင်ဆောင်းခနှင့် သီးသန့်အမေးအဖြေ၊ BNI-MPM ၊ ၃၁ မတ် ၂၀၂၄

"ဒါကြီး ဖြစ်ရမယ်ဆိုတာမျိုး တရားသေဆုပ်ကိုင်ထားတာမျိုးတော့ မလုပ်သင့်ဘူး။ နိုင်ငံရေးဟာ အရင်ဆုံး ပြိုကွဲပြီးတော့မှ ဒီနိုင်ငံတော်ကြီးကလည်း အစိတ်စိတ်အမွှာမွှာ ဖြစ်ပွားတော့မှ ကိုယ့်ရဲ့သက်ဆိုင်ရာ နယ်မြေတွေ၊ ကိုယ်ပိုင်ပြဌာန်းခွင့်တွေကို ပိုင်ဆိုင်ပြီး တော့မှပူးပေါင်းကြမယ်ဆိုတာမျိုးက ပြည်ထောင်စုအတွက် ပိုစိတ်ချရသော ပြည်ထောင်စု ဖြစ်နိုင်တယ်"ဟု မောင်ဆောင်းခက ဆိုပါသည်။

စစ်ရေးနိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာနိုင်အောင်ကတော့ အနာဂတ်တွင် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ပေါက်ချင်ပါက လွတ်လပ်သော တိုင်းရင်းသား လူမျိုးများ၏ အခြေခံဆန္ဒ၊ ပြည့်ဝသော ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် အချုပ်အခြာအာဏာပိုင်မှု ရှိသည့် လွတ်လပ်သော သဘောဆန္ဒများကို စုစည်းထားပြီး တိုင်းရင်းသား လူမျိုးများ ကိုယ်တိုင်ဦးဆောင်သည့် ဖော်ဆောင်ရေးလမ်းကြောင်းကိုဖြစ်စေလိုသည်ဟုဆိုပါသည်။ [16]

"မြေပြန့်လူတွေက ဗမာပြည်နယ်ဖွဲ့မလား၊ ပထဝီပုံစံနဲ့ဖွဲ့မလား စဉ်းစားကြ။ အဲ့ဒီ စဉ်းစားထားတဲ့ဟာကို တိုင်းရင်းသားများနဲ့ ညှိကြ၊ တိုင်းရင်းသားတွေက ကြိုက်ရင် သူတို့ဖွဲ့ စည်းတဲ့ ပြည်ထောင်စုထဲမှာ ထည့်ဖွဲ့လိမ့်မယ်။ မကြိုက်ရင်တော့ ကိုယ့်လမ်းကို သွားကြ ပေါ့။ တခြံဝန်းတည်း တစ်ရပ်ကွက်တည်းအတူနေပြီး တကြိတ်ကြိတ် တကျက်ကျက်နဲ့ ရန်ဖြစ်နေမယ့်အစား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီးလည်း မကောင်းဘူးလား" ဟု ဒေါက်တာနိုင်အောင်က မေးခွန်းထုတ်သည်။

သို့သော် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ကြိုးပမ်းနေကြသည့် တိုင်းရင်းသားလူမျိုးများ အနေဖြင့်လည်း ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသအတွင်းရှိ ကျန်လူမျိုးစုငယ်များ၊ ဘာသာရေး အရ မတူကွဲပြားသည့် လူမျိုးစုငယ်များအပေါ်တွင် တရားမျှတမှုနှင့် တန်းတူညီတူရှိမှုကို ပေးနိုင်ဖို့လိုအပ်သည်ဟု ၎င်းကဆိုပါသည်။ ယခုလိုလည်း ဒေါက်တာနိုင်အောင်က မှတ်ချက်ပြုပါသည်။

"အခုရှိနေတဲ့မြေပုံ နယ်နိမိတ်တွေအတိုင်း ဖြစ်ရမယ်ဆိုတဲ့ စဉ်းစားချက်မျိုးလည်း မစဉ်းစားစေချင်ဘူး။ ဒီလိုဆိုရင်တော့ ပိုပြီးနီးစပ်တဲ့ အဖြေကို ရောက်မယ်"။

ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) ဥက္ကဌ ခွန်မြင့်ထွန်းကတော့ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင် ခွန်ထွန်းဦး၏ ကြေကွဲစွာပြောဆိုခဲ့သည်ကို ပြန်အမှတ်ရနေပါသည်။ ထိုခေတ်က ရှမ်း အဖွဲ့အစည်းခေါင်းဆောင်များအကြား ရှမ်းပြည်ပြဿနာကို မည်သို့ဖြေရှင်းဆိုသည့် စဉ်းစား ချက်မျိုး၊ အဖြေမျိုး မရှိခဲ့ကြပုံကို ပြန်ပြောပြသည်။

[16] စစ်ရေးနိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာနိုင်အောင်နှင့် သီးသန့်အမေးအဖြေ၊ BNI-MPM ၊ ၃၁ မတ် ၂၀၂၄

"ရှမ်းပြည် ပြဿနာကို ရှမ်းပြည်သားတွေကြားမှာ ညှိနှိုင်းမှုကို မလုပ်နိုင်ခဲ့ကြဘူး။ ရှမ်းခေါင်းဆောင်တွေ ကိုယ်တိုင်လည်း ဦးမဆောင်နိုင်ခဲ့ကြဘူး။ အဲ့တော့ အဲ့ဒီနေရာကို ဘယ်သူက ထိုင်သွားလဲဆိုတော့ စစ်တပ်က ထိုင်သွားတာ ဖြစ်ပါတယ်။ ထိုင်သွားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ သတ်မှတ်ပေးသွားတာဖြစ်တယ်။ ဒီသင်ခန်းစာက ဘာလဲဆိုတော့ ခေတ်တစ်ခေတ်မှာ ဖြစ်လာတဲ့အခြေအနေတွေကို မိမိတို့အချင်းချင်းကြားမှာ ညှိနှိုင်းဖြေရှင်းမှု လုပ်ဖို့လိုတယ်။ မဖြေရှင်းနိုင်တော့ ကြားလူကယူသွားမှာပဲ ဦးဆောင်ခွင့်ကို။ အခုဒီကာလမှာ ဒါတကယ်လို့ မလုပ်နိုင်ဘူးဆိုရင် ဦးဆောင်နေတဲ့ အခြေအနေ အနေအထားတွေကို ဘယ်သူ့လက်ထဲ အပ်လိုက်ရမလဲ ကျနော်တို့ စဉ်းစားရမယ်။ ကျနော်တို့အချင်းချင်းကြားမှာ ညှိနှိုင်းဆွေးနွေးမှုတော့ လုပ်ရမယ်" ဟု ခွန်မြင့်ထွန်းက သတိပေးသည်။ [17]

ဆိုရသော် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အားလုံးသဘောတူညီသည့် ဖက်ဒရယ်ပုံစံမျိုးအတွက် အင်အားစုအချင်းချင်းအကြား အရေးတကြီး ဆွေးနွေးကြရမည်ဖြစ်သကဲ့သို့ ဗမာပြည်နယ် အပါအဝင် အခြားသော ပြည်နယ်အသစ်များ ထွန်းကားပေါ်ပေါက်လာခြင်းကိုလည်း တားဆီးဟန့်တား၍ ရနိုင်မည် မဟုတ်ပေ။ သို့သော် မဖြစ်မနေ အဖြေရှာရမည့် ဖက်ဒရယ်ပုစ္ဆာများဟုလည်း မှတ်ယူရပေလိမ့်မည်။

ထိုပုစ္ဆာအတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တော်လှန်ရေးအင်အားစုအားလုံးတွင် တာဝန်ရှိသည်ဟု ဆိုနိုင်ပြီး ဦးဆောင်ဦးရွက်ပြုသူများ၏ အမြင်ကျယ်၊ အကင်းပါးမှုသည် အကွဲရာကျသကဲ့သို့ ဆယ်စုနှင့်ချီသော နိုင်ငံရေးသင်ခန်းစာများကို ကိုယ်ချင်းစာတရား လက်ခံထားကာ စုပေါင်းအဖြေရှာကြရမည်ဟု သုံးသပ်ရပါသည်။ တဆက်တည်းတွင် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်ပေါက်ဖွားလာကြသည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ EROs များ အပါအဝင် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များအားလုံး စုစည်းထားသည့် ဖက်ဒရယ်တပ်မတော်တစ်ခု ထူထောင်နိုင်ရေးအတွက်လည်း ယခုကတည်းက အလေးအနက်စဉ်းစားရမည့် အကြောင်းအချက်တစ်ခု ဖြစ်လာပါသည်။

## ၄.၃။ လုံခြုံရေးကဏ္ဍ ပြန်လည်ပေါင်းစည်းရေးပုစ္ဆာ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှ စတင်ကာ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကြောင်းပြုပြီး ကချင်၊ ကယား (ကရင်နီ)၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား လူမျိုးအားလုံးသည် မိမိတည်ရှိရာ နေရာ

[17] BNI- MPM မှ ပြုလုပ်သောဆွေးနွေးပွဲတွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) ဥက္ကဌ ခွန်မြင့်ထွန်း၏ ဆွေးနွေးချက်၊ ၂၅ ဧပြီ ၂၀၂၄

ဒေသအလိုက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေကြသည့် အစိုးရနှင့်စစ်တပ်ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ကြရာ ယနေ့အချိန် နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်လာခဲ့သည်အထိ ပြည်တွင်းစစ်မီးသည် ဆက်လက်တောက်လောင်နေဆဲ ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစပြီး စစ်အာဏာသိမ်းကာလအတွင်းစစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် ဖြစ်တည်ပေါက်ဖွားလာသည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ပေါင်း (၂၈၀) ကျော် [18]၊ NUG ကာကွယ်ရေးဝန်ကြီးဌာနအောက်မှ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ရင်း (၃၀၀) ကျော်၊ မြို့နယ် အလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ.က.ဖ) (၂၅၀) ကျော် စသဖြင့် အာဏာသိမ်းစစ်အုပ်စုကို ဆန့်ကျင်တော်လှန်တိုက်ခိုက်နေကြသည့် လက်နက်ကိုင်တပ်ဖွဲ့ပေါင်း ရာပေါင်းများစွာ ရှိနေပါသည်။

ထိုသို့သော လက်နက်ကိုင်တပ်များ ပေါင်းစည်းရေးသည်လည်း ဖက်ဒရယ်ပုစ္ဆာများအရေးကြီးသကဲ့သို့ လက်နက်ကိုင် တပ်ပိုင်းဆိုင်ရာ ဘုံသဘောတူညီချက်တရပ် ရရှိသည်အထိ ကြိုတင်ပြင်ဆင်ရမည့်၊ ညှိနှိုင်းဆွေးနွေး ရမည့် ပုစ္ဆာတရပ် ဖြစ်လာပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြေညာစာတမ်း (၂၀၂၁) ၏ ဖက်ဒရယ်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအခြေခံမှု၊ အပိုဒ် (၅၅) တွင်တော့ "ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ တပ်ဖွဲ့များအားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်" ဟု ဆိုထားပါသည်။

ထိုအချက်သည် အလွန်ကောင်းမွန်သော တပ်ပိုင်းဆိုင်ရာ အခြေခံမူဟု ဆိုနိုင်သော်လည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ကိုယ်စားမပြုသေးသော EROs များအပါအဝင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံး လိုက်နာနိုင်ပါ့မလား ဆိုသည်က သံသယဖြစ်ဖွယ် ရှိပါသည်။

NUG ၏ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်ကတော့ တော်လှန်ရေးအလွန်ကာလများတွင် စစ်လက်နက်ပစ္စည်းဖြုတ်သိမ်းရေးကိစ္စရပ်သည် တိုင်းပြည်၏ အခြေအနေများအရ ကြီးမားသည့် စိန်ခေါ်မှုမဖြစ်နိုင်ဟု ဆိုပါသည်။ ၎င်းတို့၏ ကွပ်ကဲမှုအောက်တွင်ရှိသော အဖွဲ့အစည်းများသည် အာဏာရှင်အောက်မှ လွတ်မြောက်လိုသော၊ လူ့အခွင့်အရေးတန်းတူညီမျှမှု ရရှိလိုသော၊ ဖက်ဒရယ်နိုင်ငံတော်တည်ဆောက်လိုသော စိတ်များအပြည့်အဝရှိသည်ဟုလည်း ဆိုပါသည်။ [19]

---

[18] People's Defense Force Dashboard ၊ BNI - MPM ၊ ၃၁ ဩဂုတ် ၂၀၂၄

[19] လက်နက်ဖြုတ်သိမ်းရေးကိစ္စရပ်သည် ကြီးမားသောစိန်ခေါ်မှုမဖြစ်နိုင်ဟု ဦးလွင်ကိုလတ်ပြော၊ BNI ၊ ၁၄ ဖေဖော်ဝါရီ ၂၀၂၄

"ဖက်ဒရယ်စနစ်ကိုသုံးမယ်ဆိုရင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာရော လက်နက်ကိုင်ထားတဲ့ Security Force တွေဟာလည်း Level အမျိုးမျိုးပေါ်လာမှာ ဖြစ်ပါတယ်။ ဒီထဲတွေမှာ ပါဝင်ဖို့ဖိတ်ခေါ်ခြင်းနဲ့သော်လည်းကောင်း၊ တခြားသော လက်နက်စွန့်ဖို့လုံလောက်တဲ့ မက်လုံးမျိုးတွေပေးပြီး အဆင့်ဆင့်လုပ်ရင်းနဲ့ နောက်ဆုံးအဆင့်မှာ တရားဥပဒေစိုးမိုးရေးကို လုပ်တာမျိုး။ ဒီလိုမျိုးလုပ်ငန်းစဉ်တွေကို စဉ်းစားပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ဦးလွင်ကိုလတ်က ပြောပါသည်။

နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်ကတော့ NUG အနေဖြင့် ၎င်းတို့လက်အောက်ရှိ PDF တပ်ရင်းများနှင့် ပကဖများကို စစ်လက်နက်ပစ္စည်းကိစ္စ၊ လုံခြုံရေးဆိုင်ရာပေါင်းစည်းရေးကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည့်တိုင် အခြားသော NUG လက်အောက်တွင် မရှိသည့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ပတ်သက်၍မူ စွမ်းဆောင်ရေးအကန့်အသတ် ရှိနေသည်ဟု ရှုမြင်ပါသည်။

"NUG လက်အောက် ဝင်ရောက်ဖို့ လျောက်ထားဆဲအဖွဲ့တွေ ရှိသေးသလို၊ NUG ရဲ့ သဘောထားတွေကို မနာခံဘဲ ရပ်တည်နေတဲ့ တပ်ဖွဲ့တွေလည်း ရှိသေးတယ်။ ဒါတွေကို NUG က သေချာ မလွှမ်းခြုံနိုင်ဘူးဆိုရင်တော့ တော်လှန်ရေးအလွန်ကာလမှာ ဒီလက်နက်ကိုင်တပ်ဖွဲ့တွေဟာ ပြဿနာတစ်ခု ဖြစ်လာနိုင်ပါတယ်" ဟု ဦးသန်းစိုးနိုင်က သုံးသပ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အမည်နာမအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ဖြစ်တည်ပေါ်ပေါက်လာသော လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များကို ယခုအခြေအနေတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပုံစံတမျိုးမျိုးဖြင့် ထိန်းညှိထားနိုင်သော်လည်း တော်လှန်ရေးအလွန်ကာလ နိုင်ငံပြန်လည်တည်ဆောက်ရေး အခြေအနေများတွင် လုံခြုံရေးကဏ္ဍပေါင်းစည်းရေးအတွက် မည်ကဲ့သို့သော ဖက်ဒရယ်တပ်မတော်ပုံစံမျိုးတည်ဆောက်မည်နည်းဟူသည်ကလည်း အခြားသော ဖက်ဒရယ်ပုစ္ဆာများနည်းတူ အလွန်အရေးကြီးပါသည်။

လုံခြုံရေးကဏ္ဍ ပြန်လည်ပေါင်းစည်းရေးပုစ္ဆာသည် မလွဲမသွေ ညှိနှိုင်းဖြေရှင်းရမည့် ပြဿနာတရပ်ဟု ဆိုနိုင်ပြီး လူပုဂ္ဂိုလ်အတ္တ၊ အဖွဲ့အစည်းအကျိုးစီးပွားကို ရှေ့တန်းမတင်ကြဘဲ အနာဂတ်နိုင်ငံတော်နှင့် ပြည်သူလူထု အတွက် ရည်မျှော်သော ညှိနှိုင်းဖြေရှင်းမှုမျိုး လုပ်ဆောင်ရန် ပျက်ကွက်ခဲ့လျှင် မည်သည့်နိုင်ငံရေး သဘောတူညီ ချက်မဆို ရေရှည်တည်တံ့နိုင်မည်မဟုတ်ဘဲ လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့်သာ လုံးလည်ချာလည်လိုက်နေပြီး ပဋိပက္ခ၏ အဆိုးကျော့သံသရာထဲမှ ရုန်းထွက်နိုင်မည် မဟုတ်ဟု ဆိုရပါမည်။

၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ လုံခြုံရေးကဏ္ဍအတွက် အစီအမံများကို သင်ခန်းစာယူသင့်

ပြီး အတင်းအကြပ် လက်နက်စွန့်ခိုင်းခြင်း၊ လက်အောက်ခံအဖြစ် အတင်းအကြပ် သွပ်သွင်းခြင်းစသည့် နည်းလမ်းများသည် အလုပ်ဖြစ်သည့် အစီအမံများ မဟုတ်ကြောင်း ကိုလည်း သတိချပ်သင့်ပါသည်။

## ၅။ မူဝါဒရေးရာအကြံပြုချက်များနှင့် နိဂုံး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်သည့် စစ်အာဏာသိမ်းကာလအတွင်း စစ်ရေး၊ နိုင်ငံရေး အခင်းအကျင်းများနှင့် ဖြစ်ပေါ်တိုးတက်မှုအရှိန်အဟုန်သည် တော်လှန်ရေးအလွန်ကာလများအတွင်း တည်ဆောက်ကြမည့် နိုင်ငံတည်ဆောက်မှု ပုံစံအပေါ် များစွာသော ရိုက်ခိုက်မှုများရှိပါသည်။ ထို့ကြောင့် ဖြစ်ပေါ်တိုးတက်လာသော ပြည်နယ် အလိုက် ဖက်ဒရယ်ယူနစ်များ၏ ဒီဇိုင်းများနှင့် မိုဒယ်များကို BNI-Myanmar Peace Monitor အနေဖြင့် စဉ်ဆက်မပြတ် လေ့လာဖော်ပြနေခြင်းဖြစ်သည်။

တဆက်တည်းတွင် "၁၀၂၇ စစ်ဆင်ရေး" အလွန် စစ်ရေးအရ အရှေ့အဟုန်သည် မြန်ဆန်ကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံရေးအရ ဖြစ်ပေါ်တိုးတက်မှု အခြေအနေသည် တုန့်နှေးနေသည့် သဘောမျိုးတွေ့ရှိလာရပါသည်။ ယခုအစီရင်ခံစာတွင် စစ်ရေးစစ်ဘောင် ကျယ်ပြန့်လာသည်နှင့်အမျှ အထူးသဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက် ရေးသို့ မျှော်ရည်သော တော်လှန်ရေးအင်အားစု အချင်းချင်းအကြား နိုင်ငံရေးအရ စည်း နှောင်မှုများ ပိုမိုအားကောင်းလာရေးအတွက် အလေးပေးကာ လေ့လာဆန်းစစ်ထားပါသည်။ အောက်ဖော်ပြပါ မူဝါဒရေးရာ အကြံပြုချက် (၂) ချက်ကို တင်ပြသွားပါမည်။

### (၁) နိုင်ငံရေးအရ ဆွေးနွေးမှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်ရန်

စစ်အာဏာသိမ်းမှုသည် (၃) နှစ်ကျော် ကာလအတွင်း ရောက်ရှိနေပြီ ဖြစ်သကဲ့သို့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး သို့ ဦးတည်လျှောက်လှမ်းနေကြသည့် နွေဦးတော်လှန်ရေး ခရီးသည်လည်း (၃) နှစ်ကျော် ကာလအတွင်း ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း အစုအဖွဲ့အလိုက် နိုင်ငံရေး အရ ဘုံသဘောတူညီချက်များကို ရရှိထားသည်ကို တွေ့ရှိရသော်လည်း ပါဝင်သင့်ပါဝင် ထိုက်သော တော်လှန်ရေးအစုအဖွဲ့များ ကျန်ရှိနေသေးသည်ကို တွေ့ရသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် အမျိုးသား ညီညွတ်ရေး


အစိုးရ (NUG) အကြား နိုင်ငံရေးအရ ဘုံသဘောထား ရပ်တည်ချက်များ ရရှိထားသကဲ့သို့ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် "ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် စတင်မည့်အကြောင်း EROs (၃) ဖွဲ့၊ ပြည်နယ်/လူမျိုး ကိုယ်စားပြုကောင်စီ (၅) ခုနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) တို့အကြား ဘုံသဘောထားတူညီချက်များ ရရှိထားကြသည်။ [20]

ဖော်ပြပါ တော်လှန်ရေးအင်အားစုများအကြား နိုင်ငံရေးအရ ဘုံသဘောတူညီချက်များ ရရှိနေသည်ကို လေ့လာခြင်းအားဖြင့် နွေဦးတော်လှန်ရေးကာလအတွင်း တော်လှန်ရေး၏ တပ်ဦးဟု တင်စားကြသည့် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အတွင်း ပါဝင်သည့် အစုအဖွဲ့ဝင်များအကြား နိုင်ငံရေးအရ ဘုံသဘောတူညီမှုများ ရရှိရေးအတွက် ကြန့်ကြာနောင့်နှေးနေမှု ၊ တနည်းအားဖြင့် NUCC အတွင်း နိုင်ငံရေးအရဆွေးနွေးမှုဖြစ်စဉ်များ အားနည်းလျော့ရဲနေခြင်းကို ပေါ်လွင်စေပါသည်။

ထို့ကြောင့် တစ်ဆို့နှောင့်နှေးစေသည့် ဆွေးနွေးမှု ဖြစ်စဉ်များ၊ အကြောင်းအရာများကို ပြန်လည်ဆန်းစစ် ကာ အနာဂတ်နိုင်ငံတော်အတွက် လက်တွေ့ကျင့်သုံး၍ ဖြစ်နိုင်သော၊ အကောင်အထည်ဖော်နိုင်သော ဆွေးနွေးမှု ဖြစ်စဉ်များဆီသို့ အမြန်ဆုံး ဦးတည်လျှောက်လှမ်းကြရန် အထူးလိုအပ်နေပါသည်။ တော်လှန်ရေးအင်အားစု အချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ခြင်းဖြင့်သာ အချိန်ကုန်နေရသည့် နိုင်ငံရေးအခင်းအကျင်းမျိုးထက် အင်အားစုအချင်းချင်းအကြား အပြန်အလှန်ယုံကြည်ခြင်း၊ လေးစားခြင်း၊ နားလည်ပေးခြင်းတို့ဖြင့် အနာဂတ် နိုင်ငံတော်နှင့် နိုင်ငံသူ၊နိုင်ငံသားများအတွက် ရည်မျှော်ကာ နိုင်ငံရေးအရ သဘောတူညီချက်များ အမြန်ဆုံးရရှိစေရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

[20] ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ထုတ်ပြန်သည့် အနာကတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် သဘောထားထုတ်ပြန်ကြေညာချက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ချင်းအမျိုးသားတပ်ဦး (CNF) ၊ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC)၊ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)၊ မွန်ပြည်သစ်ပါတီ၊ စစ်အာဏာရှင်တိုက်ဖျက်ရေး (NMSP-AD)၊ မွန်ပြည်ဖက်ဒရယ်ကောင်စီ (MSFC)၊ တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC)နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) တို့ ပါဝင်သည်။ https://bit.ly/4ezeYqw

[21] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း ရည်ညွှန်းအကိုးအကား (၂၀၂၃-၂၀၂၄) ၊ စာမျက်နှာ - ၄၀၊ BNI-MPM



*NUG ကာကွယ်ရေးဂန်ကြီး ဦးရည်မွန်* (Photo - Maung Saungkha)

## (၂) စစ်ရေးပူးပေါင်းဆောင်ရွက်မှုများမှတဆင့် နိုင်ငံရေးသဘောတူညီချက်များဆီသို့ ဦးတည်စေရန်

လက်ရှိ နွေဦးတော်လှန်ရေးကာလအတွင်း စစ်ရေးအရ ပူးပေါင်းလှုပ်ရှားဆောင်ရွက်မှုများကို လေ့လာ ကြည့်လျှင် KNU၊ KNPP၊ KIO၊ CNF တို့ ပါဝင်သည့် K3C နှင့် NUG တို့ ပူးပေါင်းစုဖွဲ့ထားသည့် ဗဟိုညှိနှိုင်းရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (C3C) [21] ၏ အခန်းကဏ္ဍ၊ ညီနောင်မဟာမိတ်သုံးဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အစုအဖွဲ့ [22] နှင့် ကရင်၊ ကရင်နီ(ကယား)၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး စသော နယ်မြေဒေသအလိုက် ပူးပေါင်းစစ်ဆင်ရေးများကို တွေ့ရှိရပါသည်။ အာဏာသိမ်းစစ်ကောင်စီတပ်အားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းရန်အတွက် လက်နက်ကိုင်တော်လှန်ရေးအင်အားစုအချင်းချင်း ပူးပေါင်းလှုပ်ရှားမှသာ ပို၍ အလုပ်ဖြစ်မည်ကို တော်လှန်ရေးတပ်အားလုံး နားလည်ယုံကြည်ထားကြပြီဟု ဆိုရမည် ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်ကတော့ "လက်ရှိတော်လှန်ရေးမှာ ပြည်နယ်တွေ လွတ်မြောက်ဖို့အတွက် သက်ဆိုင်ရာ EROs တွေက အဓိက တာဝန်ယူကြမယ်။ ပြည်မဒေသတွေ လွတ်မြောက်ဖို့အတွက်တော့ NUG-PDF များက အဓိက တာဝန်ယူကြမယ်။ PDF တွေ ပိုပြီးတော့ အားကောင်းလာအောင် ပိုပြီးတော့ တိုက်စွမ်းရည် ပိုပြီးတော့ တက်လာအောင်လည်း EROs တွေက နယ်မြေဒေသအလိုက် ဝိုင်းပြီးတော့ ကူညီကြတယ်။ ဒါသည်ပင်လျှင် လက်ရှိတော်လှန်ရေးကာလရဲ့ နားလည်မှု၊ အလုပ်တာဝန် ခွဲဝေမှုကို ပြောနိုင်ပါတယ်" ဟု EROs များနှင့် NUG – PDF များအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို ပြောပြထားသည်။ [23]

---

[22] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း ရည်ညွှန်းအကိုးအကား (၂၀၂၃-၂၀၂၄)၊ စာမျက်နှာ - ၄၂၊ BNI-MPM

[23] NUG ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်နှင့် အင်တာဗျူး (ရုပ်/သံ)၊ ရောဝတီ၊ ၁ စက်တင်ဘာ ၂၀၂၄

ဝန်ကြီးဦးရည်မွန်၏ ပြောပြချက်ကို လေ့လာကြည့်ပါက မဟာမိတ် EROs များနှင့် NUG အကြား စစ်ရေး အရ ချိတ်ဆက်မှု ခိုင်မာနေသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံတဝှမ်းရှိ NUG လက်အောက်ခံ မဟုတ်သော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ (PDF-LDF) များနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို မတွေ့ရသေးသကဲ့သို့ NUG နှင့် မဟာမိတ် သဘော ပူးပေါင်းဆက်ဆံခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့ များ၏ အကျိုးစီးပွား၊ ရည်မှန်းရာနှင့် ဦးတည်ချက်တို့ကို ထပ်တူကျနိုင်ရေးအတွက် အချိန်ယူ ဆွေးနွေးညှိနှိုင်း ရဦးမည်ဟု ဆိုနိုင်ပါသည်။

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းသွားသည့် အချိန်ကာလ အလွန်တွင်ဖြစ်စေ၊ ထိုထက် စော၍ဖြစ်စေ တော်လှန်ရေးအင်အားစု အချင်းချင်းအကြား နိုင်ငံရေးအရ တွေ့ဆုံစကား ပြောဆိုကြရမည့် အခင်းအကျင်းတရပ် ပေါ်ပေါက်လာဦးမည် ဖြစ်သည်။ အာရက္ခတပ်တော် (AA) ဒုစစ်ဦးစီးချုပ်ဒေါက်တာညိုထွန်းအောင်ကတော့ အာရက္ခပြည်သူလူထု၊ မြန်မာပြည် သူလူထု လိုလားသည့် နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည် မပေါ်မချင်း ဆက် လက် တိုက်ပွဲဝင်သွားမည်ဟု ဆိုပါသည်။

မိမိတို့ BNI - Myanmar Peace Monitor ၏ လေ့လာတွေ့ရှိချက်အရ စစ်ရေးအရ စုဖွဲ့မှု၊ ပူးပေါင်းဆောင်ရွက်မှု မည်မျှအားကောင်းသည်ဖြစ်စေ နိုင်ငံရေးအရ ခိုင်မာသည့် သဘောတူညီချက်များ မရရှိထားပါက "ဝါးအစည်းပြေ" သကဲ့သို့ အချိန်မရွေး ဖြိုဖျက်ခံရ နိုင်ချေ ရှိပါသည်။ အကျိုးစီးပွား၊ မက်လုံးများဖြင့် သပ်လျိုသွေးခွဲမှုဒဏ်ကြောင့် စုဖွဲ့မှု၊ စုစည်းမှု ယိုင်နဲ့ပျက်ပြယ်နိုင်သည့်အရေးကို ရှောင်လွှဲနိုင်ရေးအတွက် စစ်ရေးပူးပေါင်း ဆောင်ရွက်မှုများမှ တဆင့် နိုင်ငံရေးသဘောတူညီချက်များဆီသို့ ဦးတည်စေရန် တော်လှန် ရေးအင်အားစုများ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ချိန်တန်ပြီ ဖြစ်ကြောင်း တင်ပြ အပ်ပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR